ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ကျောက်ကြီးမြို့နယ်

(၂၀၁၈)ခုနှစ်

ပတ္တလားအုပ်စု    မတောကုန်းကျေးရွာ

# မာတိကာ

၁။မြို့နယ်မြေပုံ

၂။ကျေးရွာမြေပုံ(တည်နေရာ)

၃။အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်ဇယား

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ(အသုံးပြုခဲ့သော PRA tools တစ်ခုချင်းစီ၏ အမည်များရေးရန်)

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ (၂-၃ပုံ ထက်မများရ)

၈။ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။အစည်းအဝေးမှတ်တမ်းများ

၁၂။ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ကျောက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# မြို့နယ်မြေပုံ



# မတော ကုန်းကျေးရွာ တည်နေရာပြမြေပုံ



# ကျွဲတလင်းအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

(၁)ကျွဲတလင်းမတောကုန်း

(၂)မတောကုန်းကျေးရွာ

(၃)ကျွဲတလင်းအရှေ့စုကျေးရွာ

# မတောကုန်းကျေးရွာသမိုင်းအကျဉ်း

မတောကုန်းကျေးရွာသည်ကျောက်ကြီးမြို့၏အနောက်တောင်ဘက်တွင်တည်ရှိပါသည်။ ဆိုးရွားလွန်းလှသည့်စစ်ဘေးဒဏ်ကို ကြိမ်ဖန်များစွာခံခဲ့ရပါသည်။၁၉၉၂ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ နှစ်စဉ်ပြောင်းရွှေ့ခဲ့ရပြီး ၂၀၁၇ခုနှစ်မှ ၂၀၁၈အထိ နီးစပ်ရာရွာများသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရပါသည်။၂၀၁၁ခုနှစ်နောက်ပိုင်းမှသာ နယ်မြေအေးချမ်းလာပြီး မိမိတို့ကျေးရွာတွင် အတည်တကျနေထိုင်ခဲ့ကြရပါသည်။ ယခုအခါတွင် မတောကုန်းကျေးရွာနှင့် နီးစပ်သော ကျွဲချိုအင်းကျေးရွာသည် လုံဝပျောက်ကွယ်သွားပြီး မတောကုန်းကျေးရွာနှင့် အခြားကျေးရွာများတွင် သွားရောက်နေထိုင်ကြရပါသည်။


မတောကုန်းကျေးရွာသည် စစ်ဘေးဒဏ်ကို များစွာခံစားခဲ့ရသောကြောင့် စီးပွားရေး၊ ပညာရေး၊ကျန်းမာရေးစသည်တို့တွင် ဖွံ့ဖြိုးမှုများစွာနောက်ကျခဲ့ပါသည်။ သို့ပါသော် လည်း ရွာသူရွာသားများသည် စည်းလုံးညီညွတ်စွာနှင့် ကိုယ်ထူကိုယ်ထလမ်းများ၊ တံတားများ၊ စာသင်ကျောင်းများကို ဆောက်လုပ်ခဲ့ကြပါသည်။ သို့သော် လုံလောက်သောငွေကြေးနှင့် နည်းပညာမရှိခြင်းတို့ကြောင့် လမ်းများသည် နွေရာသီတွင်သာ သွားရေးလာရေးအဆင်ပြေပြီး မိုးရာသီတွင် သွားလာရေးလွန်စွာ ခက်ခဲခဲ့ရပါသည်။ ထို့ကြောင့် လူထုဗဟိုပြုစီမံကိန်းရံပုံငွေဖြင့် ပထမနှစ်စက်ဝန်းတွင် ရွာလမ်းမကြီးနှင့်အခြားရွာများနှင့်ဆက်သွယ်ထားသောရွာချင်းဆက်လမ်းအား ပြုပြင်ခဲ့ကြပါသည်။ ရေမြွန်များလည်းပြုလုပ်ခဲ့ကြပါသည်။သို့သော်လည်းကျေးရွာတွင်းတွင် လမ်းမကြီးမှလွဲ၍ ရွာတွင်းလမ်းမရှိခြင်းကြောင့် မိုးရာသီတွင် ဗွက်ထခြင်း၊လူမှုရေးကိစ္စများရှိလျှင် အိမ်ကြိုအိမ်ကြားမှ သွားရခြင်းများကြောင့်အခက်အခဲရှိပါသည်။ ကလေးများ ပညာသင်ကြားရာတွင်လည်း စာသင်ဆောင်ကျဉ်းနေ၍ အခက်အခဲများနှင့်ရင်ဆိုင်နေရပါသည်။

# လူမှုဆန်းစစ်ခြင်းအနှစ်ချုပ်

| | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံ | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | အိမ်အမျိုးအစား၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊ရေတွင်း၊ရေကန်၊သစ်တောများကိုမှတ်သားပြီးအသုံးပြုနိုင်မှုပြဿနာအခက်အခဲများကိုဆန်းစစ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | ရာသီဥတု၊စိုက်ပျိုးသီးနှံများလယ်ယာလုပ်ငန်းများ၊နေ့စားကျပန်းလုပ်ငန်းများ၊ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | ကျေးရွာလူမှုစီးပွားအုပ်စုခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာလူထုနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ကျား/မ ရေးရာပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | အရင်းအမြစ်များစာရင်းပြုစုခြင်းအရင်းအမြစ်များကိုကျား/မပိုင်ဆိုင်မှု၊ထိန်းချုပ်မှု၊အသုံးပြုနိုင်မှုကိုဆန်းစစ်လေ့လာခြင်း |

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည် အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၅ | အဖွဲ့အစည်းချိတ်ဆက်မှုလေ့လာခြင်း | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | ကျေးရွာဖွံ့ဖြိုးရေးအတွက်ရွာတွင်းရွာပြင်အဖွဲ့အစည်းအသီးသီးနှင့်မည်သို့ချိတ်ဆက် လုပ်ဆောင်ကြ သည်ကိုလေ့လာဆန်းစစ်ခြင်း |
| ၆ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | အမျိုးသားနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှု/မရရှိမှုနှင့်ကွာဟချက်ကိုဆန်းစစ်ခြင်း |
| ၇ | ကျေးရွာ၏(၄) နှစ်စာဦးစားပေးအစီအစဉ် | ၂၄.၁၂.၂၀၁၇ | ရွာသူရွာသားများ | ၂၇ | ၃၂ | ၅၉ | အကျိုးခံစားခွင့်၊အကျိုးပြုသူဦးရေအဓိကလိုအပ်ချက်အအပေါ် မူတည်၍စီမံကိန်းရေးဆွဲခြင်း |

# မတောကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ၏ လူမှုရေးအရင်း အမြစ်ပြမြေပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**

မတောကုန်းကျေးရွာသည် ကျောက်ကြီးမြို့၏ အနောက်တောင်ဘက်တွင် တည်ရှိပါသည်။
မြောက်ဘက်တွင်ကြို့ကုန်းကျေးရွာ၊တောင်ဘက်တွင်ထန်းပင်ကုန်းကျေးရွာ၊ကျွဲတလင်းကျေးရွာ ပတ္တလားကျေးရွာ၊အုတ်မြေဒူးကျေးရွာစသည့်ရွာများတည်ရှိကြပါသည်။အိမ်ခြေစုစုပေါင်း(၆၃)အိမ် ရှိပါသည်။ လူဦးရေစုစုပေါင်း (၄၁၂)ဦးရှိပြီး အမျိုးသား (၂၁၄)ဦးနှင့် အမျိုးသမီး(၁၉၈)ဦးရှိပါသည်။ မတောကုန်းကျေးရွာတွင် ကရင်လူမျိုးအများစု နေထိုင်ကြပါသည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ (၅၇)အိမ်၊ခရစ်ယာန်ဘာသာကိုးကွယ်သည့်အိမ်(၆)အိမ်ရှိပါသည်။

<u>သောက်သုံးရေ</u>

မတောကုန်းကျေးရွာတွင် သောက်သုံးရေအတွက် လက်နိပ်တွင်းများ ၊ရေတွင်းများ ကိုအသုံးပြုကြပါသည်။ ၂၀၁၇ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေ တွင်းနှင့် ရေလှောင်ကန်အား ပြုလုပ်ထားပေးသည့်အတွက် ရေကောင်းရေသန့်အား တစ်ရွာလုံးလက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။

<u>လမ်းနှင့်တံတားဆက်သွယ်ရေး</u>

မတောကုန်းကျေးရွာသည် လူထုဗဟိုပြုစီမံကိန်းရံပုံငွေဖြင့် ပထမနှစ်စက်ဝန်းတွင် ရွာလမ်း မကြီးနှင့်အခြားရွာများနှင့်ဆက်သွယ်ထားသောရွာချင်းဆက်လမ်းအားပြုပြင်ခဲ့ကြပါသည်။ ရေပြွန် များလည်းပြုလုပ်ခဲ့ကြပါသည်။ သို့သော်လည်းကျေးရွာတွင်းတွင် လမ်းမကြီးမှလွဲ၍ ရွာတွင်းလမ်း မရှိခြင်းကြောင့် မိုးရာသီတွင် ဗွက်ထခြင်း၊ လူမှုရေးကိစ္စများရှိလျှင် အိမ်ကြိုအိမ်ကြားမှ သွားရခြင်း များကြောင့်အခက်အခဲရှိပါသည်။

ပညာရေး

မတောကုန်းကျေးရွာတွင်မူလတန်းလွန်စာသင်ကျောင်းရှိပါသည်။စာသင်ကျောင်းသည်အနည်းငယ်ကျဉ်း၍ ကလေးများပညာသင်ကြားရာတွင် အခက်အခဲများရှိပါသည်။ သို့ဖြစ်ပါ၍

ကလေးများအဆင်ပြေစွာပညာသင်ကြားနိုင်ရန်ကျောင်းဆောင်တိုးချဲ့ခြင်း(သို့)ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လိုအပ်ပါသည်။ကျောင်းသားဦးရေနှင့်ဆရာ၊မဦးရေများပြီး စာသင်ကျောင်းအိမ်သာ တစ်လုံးသာရှိသောကြောင့် စာသင်ကျောင်းအိမ်သာ လုံလောက်မှုမရှိပါ။

ကျန်းမာရေး

မတောကုန်းကျေးရွာတွင် ရွာသူ/ရွာသားများ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ဆေးခန်းရှိ ပါသည်။ သို့ပါသော်လည်း အဆိုပါဆေးခန်းသည် အခင်း၊ နံရံ၊ အမိုးနှင့် ပြတင်းပေါက်များ ပျက်စီးနေပါသည်။ ကျန်းမာရေးဆရာမသည်လည်း အုပ်စုရွာတွင်သာရှိသောကြောင့် ကျန်းမာရေး ဖြစ်လာလျှင် အခက်အခဲများရှိပါသည်။

စီးပွားရေး

မတောကုန်းကျေးရွာတွင် နေထိုင်သူအများစုမှာ လယ်၊ ကိုင်းလုပ်ငန်းများကို လုပ်ကိုင် ကြပါသည်။ ငါးရှာခြင်း၊ ဈေးရောင်းခြင်းတို့ကိုလည်းလုပ်ကိုင်ကြပါသည်။ အချို့အိမ်ထောင်စုဝင်များ သည် ကိုယ်ပိုင်လယ်၊ကိုင်းများ မရှိသဖြင့် ကြုံရာကျဘမ်း အလုပ်များကိုသာ လုပ်ကိုင်ကြပါသည်။

အနှစ်ချုပ်

မတောကုန်းကျေးရွာတွင် ရွာတွင်းလမ်းမရှိ၍ မိုးရာသီတွင် ဗွက်ထသောကြောင့် သွားလာရ ခက်ခဲပါသည်။ စာသင်ကျောင်းအိမ်သာမလုံလောက်သည့်အတွက် ကလေးများ ကျန်းမာရေး ထိခိုက်မှုများပြားပါသည်။ အလုပ်အကိုင်ရှားပါးသည့် အချိန်များတွင် လူထုဗဟိုပြု စီမံကိန်းမှ ရွာတွင်းလမ်းများအား ပြုပြင်ပေးခြင်း၊ စာသင်ကျောင်းအိမ်သာတည်ဆောက်ပေးခြင်းအားဖြင့် ကျေးရွာလူထု အနေဖြင့်လည်း ဝင်ငွေများ ရရှိလာနိုင်ပါသည်။

# ဓနအင်အားအဆင့်သတ်မှတ်ခြင်း

ကျေးရွာ - မတောကုန်း　　　　　　　　　　　　　　　　　အုပ်စု - ကဲ့တလင်း

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်း | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပြေလည်သောအုပ်စု | အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ ပျဉ်ကာ အိမ်၊ လယ်ထွန်စက်၊အင်း | ၁၁ | ၁၇% |
| အလယ်အလတ်အုပ်စု | ဆိုလာ၊ဖုန်း၊လယ်၊ကိုင်း၊လှည်း၊နွား၊ဆိုင်ကယ်၊ပျဉ်ထောင်သွပ်မိုးအိမ် | ၄၀ | ၆၃% |
| နွမ်းပါးသောအုပ်စု | ဆိုင်ကယ်၊သက်ကယ်မိုးပျဉ်ထောင်အိမ်၊ကြက်၊ဝက်၊ဘဲ၊စက်ဘီး၊ဆိုလာ၊ဖုန်း | ၉ | ၁၄% |
| အနွမ်းပါးဆုံးအုပ်စု | သက်ကယ်မိုးထရံကာအိမ်၊စက်ဘီး၊ကြက်၊ဝက်၊ဘဲ၊လက်လုပ်လက်စား | ၃ | ၆% |
| စုစုပေါင်း | | ၆၃ | ၁၀၀% |

**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ၏ ဥစ္စာခနေ ခွဲခြမ်းစိတ်ဖြာမှု သုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**

မတောကုန်းကျေးရွာတွင် စပါးနှင့်ပဲအမျိုးမျိုးကို အဓိကထား စိုက်ပျိုးကြသောကြောင့် အများအားဖြင့် လယ်နှင့်ကိုင်းများ ရှိကြပါသည်။ မတောကုန်းကျေးရွာ၏ အဆင်ပြေသော မိသားစုတို့သည် အုတ်ခံသွပ်မိုးအိမ်၊လယ်၊ကိုင်း၊ဆိုင်ကယ်၊လှည်း၊ နွား၊ ပျဉ်ကာ အိမ်၊ လယ်ထွန်စက်၊အင်းတို့ကို ပိုင်ဆိုင်ကြပြီး တစ်ရွာလုံး၏ ( ၁၇%)ခန့်သာရှိသည်။ လယ်၊ ကိုင်းအနည်းငယ်စီ၊ လှည်း၊ နွား၊ ဆိုင်ကယ်၊ ပျဉ်ထောင်သွပ်မိုးအိမ် ပိုင်ဆိုင်ကြသော အလယ်အလတ် မိသားစုတို့မှာ တစ်ရွာလုံး၏ (၆၃%)ခန့်ရှိကြသည်။ နွမ်းပါးသော မိသားစုများသည် ဆိုင်ကယ်၊ သက်ကယ်မိုးပျဉ်ထောင်အိမ် ၊ကြက်၊ဝက်၊ဘဲ၊စက်ဘီး၊ ဆိုလာနှင့် အိမ်မွေးတိရိစ္ဆာန်များ ပိုင်ဆိုင်ကြသော နွမ်းပါးသော မိသားစုတို့သည်တစ်ရွာလုံး၏(၁၄%)ခန့်ရှိကြသည်။အင်းများတွင် ငါးရှာခြင်း၊ ဈေးရောင်းခြင်း၊ လက်လုပ်လက်စား ကျဘမ်းအလုပ်များ လုပ်ကိုင်ကြသော မိသားစုတို့မှာ (၆%)ခန့်ရှိပါသည်။

# ကျား-မရေးရာ အရင်းအမြစ်ပိုင်ဆိုင်မှု/အသုံးပြုမှု

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်အသုံးပြုမှု | | |
|---|---|---|---|
| | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | | | ✦ |
| လှည်း | | | ✦ |
| ဆိုင်ကယ်၊စက်ဘီး | | | ✦ |
| ကျွဲ၊နွား | ✦ | | |
| ကြက်၊ဝက်၊ဘဲ | | ✦ | |
| ချိန်းစော | ✦ | | |
| ခွေးကုတ် | ✦ | | |
| ရေစုတ်စက် | ✦ | | |
| အပ်ချုပ်စက် | | ✦ | |
| စက်ရက်ကန်း | | ✦ | |
| စပါးကြိတ်စက် | ✦ | | |

# ကျား-မရေးရာ အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်ချက်ချမှု

| အရင်းအမြစ်ပိုင်ဆိုင်မှု | အရင်းအမြစ်ထိန်းချုပ်မှု | | |
| --- | --- | --- | --- |
| | ကျား | မ | ကျား+မ |
| လယ်/ကိုင်း | | | ✦ |
| လှည်း | | | ✦ |
| ဆိုင်ကယ်၊စက်ဘီး | | | ✦ |
| ကျွဲ၊နွား | | | ✦ |
| ကြက်၊ဝက်၊ဘဲ | | | ✦ |
| ချိန်းစော | ✦ | | |
| ခွေးကုတ် | ✦ | | |
| ရေစုတ်စက် | ✦ | | |
| အပ်ချုပ်စက် | | ✦ | |
| စက်ရက်ကန်း | | ✦ | |
| စပါးကြိတ်စက် | ✦ | | |

**ပဲခူးတိုင်းဒေသကြီး၊ကျောက်ကြီးမြို့နယ် ၊ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ၏ အရင်းအမြစ်အသုံးချမှု၊ ထိန်းချုပ်မှုသုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**

မတောကုန်းကျေးရွာတွင် အရင်းအမြစ်များအဖြစ် လယ်၊ ကိုင်း၊ လှည်း၊ ဆိုင်ကယ်၊ စက်ဘီး၊ကျွဲ၊နွား၊ကြက်၊ဝက်၊ဘဲ၊ချိန်းစော၊ခွေးကုတ်၊ရေစုတ်စက်၊အပ်ချုပ်စက်၊စက်ရက်ကန်း၊စပါးကြိတ်စက် စသည်တို့ကိုပိုင်ဆိုင်ကြပါသည်။ အပ်ချုပ်စက်၊ စက်ရက်ကန်းတို့အား အမျိုးသမီးတို့က အသုံးပြုကြပြီး အမျိုးသမီးတို့ကသာ ထိန်းချုပ်ကြသည်။ အရင်းအမြစ်များအား ထိန်းချုပ်ရာတွင် စက်ပစ္စည်းများအား အမျိုးသားများက အများဆုံး အသုံးပြုကြပြီး အမျိုးသားများကသာ ထိန်းချုပ်ကြပါသည်။ ကျန်ပစ္စည်းများအား အမျိုးသားနှင့် အမျိုးသမီးတို့ တိုင်ပင်ညှိနှိုင်းပြီး ထိန်းချုပ်မှုများပြုလုပ်ကြပါသည်။

# ရာသီစွင်ပြ ပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် ✦ | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်လုပ်ငန်း | | ✦ | ✦ ✦ | ✦ ✦ ✦ | ✦ ✦ ✦ | ✦ | ✦ ✦ | ✦ ✦ ✦ | ✦ ✦ | ✦ | | |
| ၂ | ကိုင်းလုပ်ငန်း | | | | | | | ⚡⚡ | ⚡⚡⚡⚡ | ⚡⚡ | ⚡ | ⚡⚡⚡ | ⚡ |
| ၃ | ဝင်ငွေ | | | ↳ | | | | | ↳ | ↳ | ↳ | | |
| ၄ | ထွက်ငွေ | | | ➡ | ➡ | | | | ➡ | ➡ | | | ➡ |
| ၅ | ရာသီဉတု | ☀ | ☀ | ☀ ☁ | ☁ | ☁ | ☁ | ☀ ☁ | ☀ | ☀ | ☀ | ☀ | ☀ |
| ၆ | ကျန်းမာရေး | | ✥ | ✥ | | | | ✥ | ✥ | | | | |
| ၇ | လူမှုရေးလုပ်ငန်း | 📜 | | | 📜 | | 📜 | 📜 | 📜 | 📜 | | 📜 | |


**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ၏ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**

မတောကုန်းကျေးရွာ၏ အဓိကအသက်မွေးဝမ်းကျောင်းများမှာ လယ်၊ ကိုင်း၊ အင်းလုပ်ငန်းများ ဖြစ်ပါသည်။ နယုန်လ၊ ဝါဆိုလနှင့် ဝါခေါင်လတွင် စပါးပျိုးကြဲခြင်းနှင့် မိုးပဲများ စိုက်ပျိုးခြင်း လုပ်ငန်းကို လုပ်ကိုင်ပြီး သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလတွင် သီးနှံများ ရိတ်သိမ်း ကြပါသည်။ အင်းလုပ်ငန်းအားတန်ခူးလမှ တော်သလင်းလအထိ အနည်းငယ်လုပ်ကိုင်ကြပါသည်။ ဘာသာရေး ပွဲတော်အနေဖြင့် တန်ခူးလတွင်သင်္ကြန်ပွဲ၊ တော်သလင်းလတွင် ရှင်ဥပကုတ္တမီးမျှောပူဇော်ပွဲ၊ ဝါဆို၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဘာသာရေးပွဲများနှင့်သာရေးနာရေးပွဲများ ပြုလုပ်ကျင်း ပကြသည်။ ရာသီဥတုအခြေအနေမှာ နယုန်လတွင်မူ နေပူတလှည့် မိုးရွာတလှည့်ရှိသည်။ ဝါဆိုနှင့်ဝါခေါင်လ၊ တော်သလင်းလများတွင် မှုမိုးသည်းထန်စွာ ရွာသွန်းတတ်သည်။ တန်ဆောင် မုန်းလမှ ကဆုန်လ ထိနေပူ၍ ရာသီဥတုသာယာပါသည်။ ပြာသို၊ တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့် ကဆုန်လများတွင် ကျေးရွာသူကျေးရွာသားများ အလုပ်အကိုင်နည်းပါးပြီး ထိုလများတွင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများလုပ်ကိုင်မည်ဆိုလျှင် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်များလာမည် ဖြစ်သည်။

# ပင့်ကူအိမ်ပုံစံ



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်းအုပ်စု၊ မတောကုန်းကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**


မတောကုန်းကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ လူနေမှုဘဝများကို လေ့လာကြည့်ရာတွင် စီမံကိန်းဒုတိယနှစ်မှစတင်၍ **အိမ်မှုကိစ္စ**များကို အမျိုးသားများမှ ပိုမို ကူညီဆောင် ရွက်လာသည်ကိုတွေ့ရှိရပါသည်။

**ဝင်ငွေရှာဖွေမှု**များတွင် စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာ၌ အမျိုးသမီးများအား အမျိုးသားများနှင့် တန်းတူအခွင့်အရေးရရှိသဖြင့် ယခင်နှစ်များထက် အမျိုးသမီးများ ဝင်ငွေပိုမိုရရှိလာခဲ့ပါသည်။

**ဦးဆောင်နိုင်မှု**များနှင့် **ဆုံးဖြတ်ချက်ချမှုများ**တွင်လည်း အမျိုးသမီးများသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ဦးဆောင် နိုင်မှု စွမ်းရည်များ ပိုမိုမြင့်တက် လာသည်ကို တွေ့ရှိခဲ့ရပါသည်။

**ကျန်းမာရေး**နှင့် **ပညာရေး၊လူမှုရေး**ကိစ္စများတွင် အမျိုးသားနှင့် အမျိုးသမီးများ တန်းတူညီမျှမှု ရှိကြောင်းတွေ့ရှိရပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား



**ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ကျွဲတလင်းအုပ်စု၊မတောကုန်းကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်ပုံသုံးသပ်ချက်**

**နေ့စွဲ - ၂၄/၁၂/၂၀၁၇**

**နေရာ-မတောကုန်းကျေးရွာစာသင်ကျောင်း**

မတောကုန်းကျေးရွာတွင် ရှိသောအဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ Save the Children ဖွံ့ဖြိုးရေးအဖွဲ့၊ ဂေါပကအဖွဲ့၊ အမျိုးသမီးလူမှုရေးအဖွဲ့၊ အမျိုး သားလူမှုရေးအဖွဲ့၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းကော်မတီ တို့ဖြစ် ပါသည်။ ချိတ်ဆက်မှုရှိသော ကျေးရွာပြင်ပမှ အဖွဲ့အစည်းများမှာ အုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရဲစခန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တို့ဖြစ်ပါသည်။

မတောကုန်းကျေးရွာ၏ အဖွဲ့အစည်းအားလုံးတို့သည် ကျေးရွာ၏ လူမှုရေးကိစ္စများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ချိတ်ဆက်၍အတူတကွ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကျင်းပပြုလုပ်ပုံ



အမျိုးသမီးအဖွဲ့မှ ဦးစားပေးလုပ်ငန်းများဆွေးနွေးနေပုံ



# အမျိုးသားအဖွဲ့မှကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲနေပုံ



ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင်အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
|---|---|---|---|
| ဦးလှဝင်းခန်း | 09-263800620 | ဇော်ယုသာအောင် | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု - ကျွဲတလင်း | ကျေးရွာ မတောကျွန်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | 59 | ဘာသာ (၁) ဗုဒ္ဓ | 57 |
| လူမျိုးစု (၂) ကရင်+ဗမာ | 4 | ဘာသာ (၂) ခရစ်ယာန် | 6 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 5 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 33 | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကရင် | 202 | 186 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား ကရင်+ဗမာ | 12 | 12 |
| အိမ်ထောင်ဦးစီး | 52 | 11 |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် [illegible] | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☑ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ဂဝံလမ်း |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်-2014-/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /(မသိပါ)

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 1.5 /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 15:00 min ထော်လာဂျီ/[မော်တော်ဆိုင်ကယ်]/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -----------------

မိုးရာသီတွင်ကြာချိန် ~~15~~ 20:00 min ထော်လာဂျီ/[မော်တော်ဆိုင်ကယ်]/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ရေကြီး ခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) KDN ကော်မတီ

(၂) -------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် - ဦးလွှစနိုး

လက်မှတ် [signature] နေ့စွဲ 14/10/2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 14/10/2017

## ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | | |
|---|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ပုသာအောင် | | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ပဲခူးတိုင်း | မြို့နယ် ကျောက်ကြီး | ကျေးရွာအုပ်စု | | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 14.10.2017 | 14.10.2017 | 24 | 30 | 54 | 54 | ကရင် | 63 | 85.71 % |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 24.12.2017 | 24.12.2017 | 27 | 32 | 59 | 59 | ကရင် | 63 | 93.65 % |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | - | - | - | - | - | - | - | - | - |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 21.2.18 | 21.2.18 | 10 | 25 | 35 | 35 | ကရင် | 63 | 55.56 % |
| ။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် အစီအစဉ် ရေးဆွဲခြင်း | 21.2.18 | 21.2.18 | 10 | 25 | 35 | 35 | ကရင် | 63 | 55.56 % |

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 21.2.18 | 21.2.18 | 10 | 25 | 35 | 35 | ကျ၆ | 63 | 55.56 % |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 21.2.18 | 21.2.18 | 10 | 25 | 35 | 35 | ကျ၆ | 63 | 55.56 % |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 21.2.18 | 21.2.18 | 10 | 25 | 35 | 35 | ကျ၆ | 63 | 55.56 % |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | | | |

ပုံစံ - ၉ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာရှိမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူး ... အညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းပညာဝေ | | | |
| နေ့စွဲ 24/12/2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ ( ) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐✓ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ပဲခူး | မြို့နယ်<br>ကျောက်ကြီး | ကျေးရွာအုပ်စု<br>ဒွဲတာလစ် | ကျေးရွာ<br>မတော်ကျုံး |

ဃ။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများကျဉ်းမြောင်းပြီး သောကြောင့် ကားများဝင်၍မရခြင်း | ၁ | စာသင်ကျောင်းတွင် ပရိဘောဂ မလုံလောက် ခြင်း |
| ၂ | စာသင်ကျောင်းတွင် ပရိဘောဂများ လုံလောက်မှု မရှိ ခြင်း ကြောင့် | ၂ | စာသင်ဆောင် ကျဉ်း ~~[illegible]~~ ခြင်း ကြောင့် ကလေးများ နေရာ ကြပ်တည်း ခြင်း၊ |
| ၃ | ကလေးများ နှင့် ဆရာ/မ များ အတွက် ခက်ခဲခြင်း | ၃ | ရွာတွင်း လမ်းများ ကျဉ်း ပြီး ပျက်စီး နေသောကြောင့် မိုးရာသီတွင် သွားလာရ |
| ၄ | စာသင်ဆောင် ကျဉ်း ~~[illegible]~~ သောကြောင့် ကလေး များ နေရာကြပ်တည်း ခြင်း | ၄ | ခက်ခဲခြင်း။<br>လျှပ်စစ်မီး မရရှိ ခြင်း ကြောင့် ကလေး |
| ၅ | စိုက်ပျိုး သီးနှံများ အထွက်နှုန်း နည်း သောကြောင့် စီးပွား ရေး မပြေလည် ကြ ခြင်း၊ | ၅ | များ ပညာရေး နောက်ကျ ခြင်း၊ ဗဟုသုတ နည်းပါး ခြင်း၊ ဖွံ့ဖြိုး မှုနောက်ကျခြင်း |

င။ မျှော်မှန်းခြင်း - နောင်လာမည့် (၅) နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကျယ်ပြန့်ကောင်း မွန်ပြီး သွားလာရ အဆင်ပြေလာမည်။ | ၁ | စာသင်ကျောင်း တွင် ပရိဘောဂများ လုံ လောက် စွာ ရရှိလာမည်။ |
| ၂ | စာသင်ကျောင်းတွင်ကလေးများနှင့် ဆရာ/မ များအတွက် ပရိဘောဂများ လုံလောက်လာမည်။ | ၂ | ပြည့်စုံကောင်းမွန် သော စာသင်ကျောင်း ဆောင်သစ်များ ရရှိလာမည်။ |

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၃ | လုံလောက်သော စာသင်ကျောင်းဆောင် အသစ်များလည်း ရရှိလာမည်။ | ၃ | ရွာတွင်းလမ်းများ ကျယ်ပြန့်ကောင်းမွန်ပြီး သွားလာရ အဆင်ပြေလာမည်။ |
| ၄ | စိုက်ပျိုးသီးနှံများလည်း အထွက်နှုန်း တိုးတက်ကောင်းမွန်ပြီး | ၄ | လျှပ်စစ်မီး ရရှိပြီး လူနေမှု အဆင့်အတန်းများ မြင့်မားလာကာ ဖွံ့ဖြိုးတိုးတက်လာမည်။ |
| ၅ | စီးပွားရေးများ တိုးတက်လာကာ ဖွံ့ဖြိုးတိုးတက်လာမည်။ | ၅ | |
| ၆ | | ၆ | |
| ၇ | | ၇ | |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင် တိုးချဲ့ခြင်း | ကျား+မ | | ၃၈၉ ဦးခန့် |
| ၂ | စာသင်ကျောင်းအိမ်သာ | ကျား+မ | | 〃 |
| ၃ | စာသင်ကျောင်းဆောင် သစ်တည်ဆောက်ခြင်း | ကျား+မ | | 〃 |
| ၄ | လျှပ်စစ်မီးလင်းရေး | မ | | 〃 |
| ၅ | | | | |

သ။ လုထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး နည်းပညာ | ကျား | Livelihood |
| ၂ | ဆေးသင်တန်း | | |
| ၃ | စက်ပြင်သင်တန်း | ကျား | |
| ၄ | စက်ချုပ်သင်တန်း | မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ဒေါ်ရေဝတီ လက်မှတ် [signature] နေ့စွဲ 24/12/2017

**၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၂၄)ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် ကျောက်ကြီးမြို့နယ်၊ ကျွဲတလင်း ကျေးရွာအုပ်စု၊ မတောကုန်းကျေးရွာတွင် ကျင်းပပြုလုပ်သော လူထုဗဟိုပြုစီမံကိန်း တတိယစက်ဝန်း ဒုတိယအကြိမ် အစည်းအဝေးမှတ်တမ်း။**

**အစည်းအဝေးတက်ရောက်သူများ**

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဒေါ်လှိုင်ဝတ်ရည်ထွန်း | လက်ထောက်နည်းပညာမှူး |
| ၂ | ဦးကောင်းမွန်ကျော် | လူထုစည်းရုံးရေးမှူး |
| ၃ | ဒေါ်ယုယအောင် | လူထုစည်းရုံးရေးမှူး |
| ၄ | ကျေးရွာလူထု | (PC – 12 ) |
| ၅ | စောတကူ | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၆ | ညားနော်ဆိ | ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ |
| ၇ | စောမြင့်ဝင်း | ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၈ | နော်ဇင်ဇင်မြ | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၉ | နော်မီးဝါး | ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင် |
| ၁၀ | စောသန်းနိုင်စိုး | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၁ | နော်နန်းမေစန်း | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီဥက္ကဌ |
| ၁၂ | နော်ဟေမာနေဝင်း | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ |
| ၁၃ | စောအေးထွေး | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၁၄ | နော်ဝါးစေး | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၅ | စောမင်းဘိုသိန်း | ဂေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၆ | စောဒါးမူး | စေတနာ့ဂန်ထမ်း |
| ၁၇ | နော်ဆာကပေါ် | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၈ | စောစေးမူး | ကျေးရွာငွေစာရင်းကိုင် |

## ရည်ရွယ်ချက်

လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းအတွက် စီမံကိန်းအကြောင်းပြန်လည်မိတ်ဆက်ခြင်း၊ အခက်အခဲနှင့်မျှော်မှန်းချက်များ၊ လုပ်ငန်းများရွေးချယ်ခြင်းနှင့် ကော်မတီများ ပြန်လည်အတည်ပြုခြင်း၊ ပြန်လည်ရွေးချယ်ခြင်း၊ တတိယနှစ်စက်ဝန်းအတွက်လုပ်ငန်းအတည်ပြုခြင်း ကိုရည်ရွယ်ပါသည်။

## ဆွေးနွေးချက်များ

၁။ ရေးဦးစွာ မတောကုန်းကျေးရွာ ရာအိမ်မှူးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ထိုနောက်ဝန်ထမ်းများမှလည်း မိတ်ဆက်ခဲ့ကြပါသည်။

၂။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ယုယအောင်မှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းမိတ်ဆက်၊ စီမံကိန်းစက်ဝန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

၃။ လက်ထောက်နည်းပညာမှူး ဒေါ်လှိုင်ဝတ်ရည်ထွန်းမှ အကျုံးဝင်၊ အကျုံးမဝင်သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြော ကြားခဲ့သည်။

၄။ ဆက်လက်၍ အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းဖြစ်သော လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနခွဲခြမ်းစိတ်ဖြာခြင်း၊ ပိုင်ဆိုင်မှုကိုအသုံးပြုခြင်းနှင့် ပိုင်ဆိုင်မှုကိုထိန်းချုပ်ခြင်း၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယားများကို အသီးသီးပြုလုပ်ခဲ့ကြသည်။

၅။ ထိုနောက် အမျိုးသမီးအမျိုးသားများ နှစ်ဖွဲ့ခွဲ၍ အခက်အခဲပြဿနာနှင့် မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပြီး ဦးစားပေးလုပ်ငန်းများကို ရွေးချယ်ခဲ့ကြသည်။

၆။ ကော်မတီများ ပြန်လည်အတည်ပြုခြင်းနှင့် ပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို လူထုစည်းရုံးရေးမှူးမှဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆွေးနွေးခဲ့ကြပါသည်။ ထိုသို့ဆွေးနွေးရာတွင် ကျေးရွာလူထုမှ ဒုတိယနှစ်စီမံကိန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများကို တတိယနှစ်တွင်လည်း ဆက်လက်လုပ်ဆောင်ရန် ဆွေးနွေးတင်ပြခဲ့ပါသည်။ ကော်မတီများကလည်း ကျေးရွာလူထုသဘောတူလျှင် ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုနောက်လိုအပ်သော ကော်မတီဝင်များကို ကျေးရွာလူထုသဘောတူ ဆုံးဖြတ်ရွေးချယ်သည့်အတိုင်း ရွေးချယ်ခဲ့ကြပါသည်။

၈။ ထိုနောက်တတိယနှစ်စက်ဝန်းတွင် လုပ်ဆောင်မည့် လုပ်ငန်းများကို ဆွေးနွေးပြီး အများသဘောတူ ဆုံးဖြတ်ရွေးချယ်ခဲ့ ကြပါသည်။

**ဆုံးဖြတ်ချက်များ**

၉။

(က)

| စဉ် | ဆုံးဖြတ်ချက် | လုပ်ဆောင်ရန် |
|---|---|---|
| ၁ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | စောတကူ |
| ၂ | (ကျေးရွာ/စီမံကိန်းအထောက်အကူပြုကော်မတီဥက္ကဌ) | ညားနော်ဆိ |
| ၃ | (ဂယ်ယူရေးဆပ်ကော်မတီဥက္ကဌ) | စောမြင့်ဝင်း |
| ၄ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | နော်ဇင်ဇင်မြ |
| ၅ | (ဂယ်ယူရေးဆပ်ကော်မတီအဖွဲ့ဂင်) | နော်မီးဝါး |
| ၆ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီဥက္ကဌ) | စောသန်းနိုင်စိုး |
| ၇ | (စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့ဝင်) | နော်နန်းမေစန်း |
| ၈ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ ဥက္ကဌ) | နော်ဟေမာနေဝင်း |
| ၉ | (လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ အဖွဲ့ဝင်) | စောအေးထွေး |
| ၁၀ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | နော်ဝါးစေး |
| ၁၁ | (ဂေဖန်အကြံပြုကိုယ်စားလှယ်) | စောမင်းဘိုသိန်း |
| ၁၂ | (စေတနာ့ဂန်ထမ်း) | စောဒါးမူး |
| ၁၃ | (စေတနာ့ဂန်ထမ်း) | နော်ဆာကပေါ် |
| ၁၄ | (ကျေးရွာငွေစာရင်းကိုင်) | စောစေးမူး |

(ခ)

| စဉ် | ဦးစားပေးလုပ်ငန်း | အဆိုပြုသူ | အကျိုးခံစားခွင့်ရှိသူဦးရေ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား+မ | ၃၈၉ |
| ၂ | စာသင်ကျောင်းအိမ်သာတည်ဆောက် ခြင်း | ကျား+မ | ၃၈၉ |
| ၃ | စာသင်ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ကျား | ၃၈၉ |
| ၄ | လျှပ်စစ်မီးလင်းရေး | မ | ၃၈၉ |
| ၅ | စိုက်ပျိုးရေးနည်းပညာပေး သင်တန်း | ကျား | ၃၈၉ |
| ၆ | စက်ပြင်သင်တန်း | ကျား | ၃၈၉ |
| ၇ | စက်ချုပ်သင်တန်း | မ | ၃၈၉ |

အစည်းအဝေးကိုဆက်လက်ဆွေးနွေးရန်မရှိတော့သဖြင့်ညနေ(၅း၀၀) နာရီအချိန်တွင် ရုတ်သိမ်း ခဲ့ပါသည်။

# ကော်မတီဝင်များစာရင်း

**ကျေးရွာ - မတောကုန်း** **အုပ်စု - ကျွဲတလင်း**

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | စောတကူ | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ |
| ၂ | ညားနော်ဆိ | ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီ ဥက္ကဌ |
| ၃ | စောမြင့်ဝင်း | ဝယ်ယူရေးဆပ်ကော်မတီဥက္ကဌ |
| ၄ | နော်ဇင်ဇင်မြ | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၅ | နော်မီးဝါး | ဝယ်ယူရေးဆပ်ကော်မတီ အဖွဲ့ဝင် |
| ၆ | စောသန်းနိုင်စိုး | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ ဥက္ကဌ |
| ၇ | နော်နန်းမေစန်း | လည်ပတ်/ ထိန်းသိမ်းဆပ်ကော်မတီ အဖွဲ့ဝင် |
| ၈ | နော်ဟေမာနေဝင်း | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ ဥက္ကဌ |
| ၉ | စောအေးထွေး | စောင့်ကြည့်/ကြီးကြပ်ဆပ်ကော်မတီ အဖွဲ့ဝင် |
| ၁၀ | နော်ဝါးစေး | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၁ | စောမင်းဘိုသိန်း | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၂ | စောဒါးမူး | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | နော်ဆာကပေါ် | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၄ | စောစေးမူး | ကျေးရွာငွေစာရင်းကိုင် |

## ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

## မတောကုန်းကျေးရွာ ကဏ္ဍအလိုက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| | | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့သူ |
|---|---|---|---|---|---|---|
| အခြေခံ အဆောက်အဦး | ၁ | ရွာတွင်းလမ်းပြုပြင်ခြင်း | ကျား၊မ | ၂၀၁၈ | ကော်မတီဝင်ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၂ | စာသင်ကျောင်းအိမ်သာတည်ခြင်း | ကျား၊မ | - | ကော်မတီဝင်ကျေးရွာလူထု | လူထုဗဟိုပြုစီမံကိန်း |
| | ၃ | စာသင်ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း | ကျား | - | ကော်မတီဝင်ကျေးရွာလူထု | ပညာရေးဌာန |
| အသက်မွေးဝမ်းကျောင်း | ၄ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်း | ကျား | - | ကော်မတီဝင်ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| | ၅ | စက်ပြင်သင်တန်း | ကျား | - | ကော်မတီဝင်ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| | ၆ | စက်ချုပ်သင်တန်း | မ | - | ကော်မတီဝင်ကျေးရွာလူထု | ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| အခြား | ၇ | လျှပ်စစ်မီးလင်းရေး | မ | - | ကော်မတီဝင်ကျေးရွာလူထု | - |